ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်နေခြင်းကို ထောက်ထား၍ အလေးအနက် စဉ်းစားနေချိန်တွင် မမျှော်လင့်ဘဲ ဒေါ်အောင်ဆန်းစုကြည်သည် သူ့မ၏နေအိမ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် အမေရိကန်နိုင်ငံသား Mr John William Yettaw ကို (၂)ရက်တိုင် နေထိုင်ခွင့်ပြုခြင်း၊ လက်ခံစကားပြောခြင်း၊ အစားအသောက်ကျွေးမွေးခြင်း စသည့်ကူညီဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းသည် တည်ဆဲဥပဒေနှင့် ငြိစွန်းနေသည်ကြောင့် မလွဲမရှောင်သာ ဝမ်းနည်းစွာနှင့် အမှုဖွင့် တရားစွဲဆိုခဲ့ရခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ ရှင်းလင်းပြောကြား

ရန်ကုန်၊ မေ ၂၆

အဆိုပါသတင်းစာရှင်းလင်းပွဲကို (၂၀၀၉)ခုနှစ်၊ မေလ (၂၆)ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့၊ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၌၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီမှ ပဏာမရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အတွက် လိုက်ပါဆောင်ရွက်နေကြသည့် တရားရုံးချုပ် ရှေ့နေကြီးများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးဥာဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့်ဒေါ်ခင်ငွေးကြွယ်တို့အား တက်ရောက်ရန်ဖိတ်ကြားခဲ့ကြောင်း၊ ဦးကြည်ဝင်းမှာ နံနက် (၇)နာရီ (၃၂)မိနစ်တွင် အကျဉ်းဦးစီးဌာန ဝိတ်ဝသို့ ဦးလှမျိုးမြင့်နှင့်အတူ ရောက်ရှိလာသော်လည်း အမှုစစ်ဆေးရန်ရှိသည်ဟုဆိုကာ မြန်ထွက်သွားကြောင်း၊ ဦးကြည်ဝင်း၊ ဦးဥာဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ငွေးကြွယ်တို့အနက်မှ ဦးလှမျိုးမြင့်တစ်ဦးတည်းသာ ရှင်းလင်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီမှ ပဏာမရှင်းလင်း ပြောကြား

ယနေ့ ဒေါ်အောင်ဆန်းစုကြည်၏အမှုကိစ္စနှင့်ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပမှ များစွာစိတ်ဝင်စားမှုရှိနေကြပါကြောင်း။ တစ်ဆက်တည်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေး အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့အရ ဆောင်ရွက်ခဲ့ရသည်များရှိပါကြောင်း။ ပုဒ်မ ၁၀(က)၊ပုဒ်မ ၁၀(ခ)တို့၏ အကျိုးသက်ရောက်မှုများကို သိရှိနားလည်ကြသူများ ရှိသကဲ့သို့ အချို့ကလည်း ပြည်ပြည်ဝန်ထမ်းရှိကြောင်း ကြားသိရပါကြောင်း။ ရှင်းရှင်းလင်းလင်းပလေးပြောပြကြပါကြောင်း နားလည်မှု လွဲမှားနေခြင်းများလည်းရှိရနေကြပါကြောင်း။ ယနေ့တွင် ဒေါ်အောင်ဆန်းစုကြည် အမှုကိစ္စအတွက် လိုက်ပါဆောင်ရွက်နေသည့် ရှေ့နေကြီးဦးကြည်ဝင်းနှင့်အဖွဲ့ကို ဤကိစ္စများအတွက် ရှင်းလင်းပြောဆိုရန် ဖိတ်ကြားခဲ့ပါကြောင်း။ သို့သော်လည်း ရှေ့နေ ဦးလှမျိုးမြင့် တစ်ဦးတည်းသာ ရောက်ရှိလာပါသေးကြောင်း၊ ဦးဥာဏ်ဝင်း၊ ဦးကြည်ဝင်းနှင့် ဒေါ်ခင်ငွေးကြွယ်တို့ကို စောင့်ဆိုင်းနေရင်း ရှင်းလင်းပွဲစောင့်ရန် အချိန်ရလည်း အနည်းငယ်နောက်ကျနေပြီဖြစ်ပါသဖြင့် ရှင်းလင်းပွဲစတင်တော့မည် ဖြစ်ပါကြောင်း။

ယနေ့ ရှင်းလင်းမှုကို သံတမန်ကြီးများ၊ ပြည်တွင်း၊ ပြည်ပ သတင်းထောက်များနှင့် ဝင်ရောက်သည်တော်အချို့ကလည်း သိရှိနားလည်ထောင်လိုပါကြောင်း။ တင်ပြတောင်းဆိုမှုများရှိလာခြင်းကြောင့် ခွင့်ပြုချက်ဖြင့် ယခုကဲ့သို့ လာရောက်နားထောင်စေခြင်းဖြစ်ပါကြောင်း။ ဤရှင်းလင်းချက်များကို ပြည်ထဲရေးဗဟိုအဖွဲ့ဝင် တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက အသေးစိတ်ရှင်းလင်းသွားမှာဖြစ်ပါကြောင်းခြင်း ပြောကြားသည်။

အဆိုပါ ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယ ရှေ့နေချုပ် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်း မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုသလမဂ္ဂဖွဲ့ဝင်ပြီးမှအစီအစဉ်ရုံးမှ ခေတ္တဌာနေ

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီမှ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှကာ ကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀ (ခ)တို့နှင့် ပတ်သက် ၍ နိုင်ငံခြားသံရုံးမှ သံတမန်များအား ရှင်းလင်းပြောကြားစဉ် ဓာတ်ပုံ - မြန်မာ့ရဲမြင်သံကြား၊ ကားယူဇော်မြသည်။

ကိယ်စားလှယ်တို့ စုစုပေါင်း (၄၅)ဦး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းမှ အသင်းဝင်သတင်းထောက် (၁၆)ဦး၊ ပြည်တွင်းကျောနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင် (၁၀)ဦး၊ ရန်ကုန်တိုင်းအတွင်းရှိ ပြိုနယ်များမှ ကိုယ်စားလှယ် (၂၀)နှင့် ဒေါ်အောင်ဆန်းစုကြည်အတွက် လိုက်ပါဆောင်ရွက်နေသည့် တရားရုံး၊ ချုပ်ရှေ့နေ ဦးလှမျိုးမြင့်တို့ အပါအဝင် စုစုပေါင်း (၉၁)ဦး တက်ရောက်ကြသည်။

ရဲမှူးချုပ်မြင့်သိန်းမှ အသေးစိတ်ရှင်းလင်း

မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများနှင့်ပတ်သက်၍ သိရှိနားလည်ကြသူများ ရှိသကဲ့သို့ အပြည့်အဝနားလည်မှုမရှိကြသေးသူများလည်းရှိပါကြောင်း။ ဝိမိ အနေဖြင့် ပြည်ထဲရေးဗဟိုအဖွဲ့၏ကိုယ်စား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီး လိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့်ပတ်သက်ပြီး ရှင်းလင်းသွားမှာဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်လည်းကောင်း။ နိုင်ငံသားများ၏ မူလအခွင့်အရေးကို မထိခိုက်စေဘဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်

နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း



ပုဒ်မ ၁၀။ ဗဟိုအဖွဲ့သည် နိုင်ငံတော်အားထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းအတွက် ကန့်သတ်မိန့်ချမှတ်၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်။

- ပုဒ်မခွဲ(က)အရေးယူခြင်းခံရသူအား တစ်ကြိမ်လျှင် ရက်ပေါင်း(၆၀)ထက် မပိုစေဘဲ စုစုပေါင်းရက်(၁၈၀)အထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်ခြင်း
- ပုဒ်မခွဲ(ခ)အရေးယူခြင်းခံရသူအား (၁)နှစ်အထိတားဆီးမှုပြုလုပ်နိုင်ခြင်း

ပုဒ်မ ၁၂။ ဗဟိုအဖွဲ့သည် အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀ ပုဒ်မခွဲ(က)ပါ ကာလအပိုင်းအခြားထက်ကျော်လွန်၍ ဆက်လက်ဖမ်းဆီးချုပ်နှောင်ထားရန်လိုအပ်ပါက အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကိုရယူရမည်

- လုပ်ထုံးလုပ်နည်းအပိုဒ် ၄၆။ ဗဟိုအဖွဲ့သည်လုပ်ထုံးလုပ်နည်း အပိုဒ် ၄၆အရ ကန့်သတ်မိန့်ကို ပြန်လည်သုံးသပ်သည့်အပါသက်ဆိုင်ရာ ဖမ်းဆီးချုပ်နှောင်မိန့်(၃၆)တားဆီးမိန့်ကိုလည်း ပြန်လည်သုံးသပ်၍ အောက်ပါ အတိုင်းလိုအပ်သလိုဆောင်ရွက်ရမည်
  - အပိုဒ်ခွဲ(ခ)ပုဒ်မ ၇ ပါအကြောင်းတစ်ရပ်ရပ်ကို ထိပါးအန္တရာယ်ဖြစ်စေမည့်အကြောင်းနှင့်ပတ်သက်၍ အထောက်အထားများ ပိုမိုမိုင်လုံစွာရရှိလျှင် မူလ ကန့်သတ်မိန့်ကို လိုအပ်သလိုပြင်ဆင်ပြီး တားဆီးမိန့် အစား ဖမ်းဆီးချုပ်နှောင်မိန့်ကိုထုတ်နိုင်သည်။
  - အပိုဒ်ခွဲ(ဂ)မူလကန့်သတ်မိန့်ကိုပြင်ဆင်သည်ဖြစ်စေ မပြင်ဆင်သည်ဖြစ်စေ၊ ဖမ်းဆီးချုပ်နှောင်မိန့်ကိုပယ်ဖျက်၍ ယင်းအစားတားဆီးမိန့်ကိုထုတ်နိုင်သည်။

- ပုဒ်မ ၁၄။ အစိုးရအဖွဲ့သည် ဆက်လက်ဖမ်းဆီးချုပ်နှောင်ရန်ဖြစ်စေ၊ ဆက်လက်တားဆီးမှုပြုလုပ်ရန်ဖြစ်စေ၊ ကြိုတင်ခွင့်ပြုချက်ပေးရာတွင် တစ်ကြိမ်လျှင်(၁)နှစ်ထက် မပိုစေဘဲ စုစုပေါင်း(၆)နှစ်အထိခွင့်ပြုနိုင်သည်။

အမေရိကန်နိုင်ငံသား Mr John William Yettaw ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့်မင်းမယတို့အပေါ် စွဲဆိုထားသည့်အမှုများကို သတ္တမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာ

ဒေါ်အောင်ဆန်းစုကြည်အား ၎င်း၏ဆန္ဒအလျောက် တရားခံအဖြစ်စစ်ဆေး တရားခံဒေါ်အောင်ဆန်းစုကြည်က တရားရုံး၏မေးမြန်းချက်များကို ပြေကြားထွက်ဆို

အမေရိကန်နိုင်ငံသား Mr.John William Yettaw. ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မင်းမယတို့အပေါ် စွဲဆိုထားသည့်အမှုများကို ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံးက ယနေ့သတ္တမနေ့အဖြစ် မွန်းလွဲပိုင်းတွင် စတင်ရုံးထိုင်ကာ ဖြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉မှ တရားခံဒေါ်အောင်ဆန်းစုကြည်ကို စစ်ဆေးသည်။

ဒေါ်အောင်ဆန်းစုကြည်အား၎င်း၏ဆန္ဒအလျောက် တရားခံအဖြစ်စစ် ဆေးရာ တရားခံဒေါ်အောင်ဆန်းစုကြည်က တရားရုံး၏မေးမြန်းချက်များကို အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသည်။

မေး–ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ဝင်းမမ(၁) အယ်လေးတို့သည် အတူတကွနေထိုင်ပါသလား။

ဖြေ–အတူတကွနေထိုင်ပါသည်။ ကျွန်မအိမ်တွင်ဖြစ်ပါသည်။

မေး–ဒေါ်အောင်ဆန်းစုကြည်တို့ကို ကနဦးသတိမိန့်၊ တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်များကို ထုတ်ပြန်ထားပါသလား။

ဖြေ–ကျွန်မကိတော့ ထုတ်ပြန်ထားပါတယ်။

မေး–အမေရိကန်နိုင်ငံသား Mr.John William Yettaw သည် ၂၀၀၈ခုနှစ် နိုဝင်ဘာ(၃၀)ရက်က ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ရောက်ရှိလာပါသေးသလား။

ဖြေ–ရောက်ရှိလာသည်ဟုတော့ပြောပါသည်။ ကျွန်မတော့မမြင်ခဲ့ပါ။

မေး–အမေရိကန်နိုင်ငံသား Mr.John William Yettaw သည်မေ(၃)ရက် ညအချိန်တွင် အင်းလျားကန်အတွင်းရေကူးပြီး ဒေါ်အောင်ဆန်းစုကြည်၏ ခြေဝင်းအတွင်းသို့ ဝင်ရောက်ခဲ့ပါသလား။

ဖြေ–ကျွန်မနားလည်သလောက်မှာ မေ(၄)ရက်နံနက်တွင်မှ ရောက်ရှိလာပါသည်။

မေး–ဘယ်အချိန်ကိုရောက်ရှိလာပါသလဲ။

ဖြေ–ကျွန်မမသိပါ။ နံနက်(၆)နာရီနီးပါးမှ ကျွန်မကိုလာရောက်သတင်းပို့ပါသည်။

မေး–မည်သူကသတင်းပို့ပါသလဲ။

ဖြေ–ဒေါ်ခင်ခင်ဝင်းက လူတစ်ယောက်ရောက်နေသည်ဟု ကျွန်မထံ သတင်းပို့ပါသည်။

မေး–ထိုသူမှာမည်သူဖြစ်ပါသလဲ။

ဖြေ–ထိုအချိန်ကတော့ကျွန်မမသိပါ။ နောက်ကျမှပဲသိပါသည်။

မေး–ထိုသူမှာအမေရိကန်နိုင်ငံသား Mr.John William Yettaw ဟုတ်ပါသလား။

ဖြေ–ဟုတ်ပါသည်။

မေး–Mr.John William Yettaw ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ရောက်ရှိချိန်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများကို သတင်းပို့ခဲ့ပါသေးသလား။

ဖြေ–သတင်းမပို့ခဲ့ပါ။

မေး–ဒေါ်အောင်ဆန်းစုကြည်တို့အနေဖြင့် နေအိမ်တွင် Mr.John William Yettaw အား ဧည့်ခံကျွေးမွေးနေထိုင်စရာပေးခဲ့တယ်ဆိုတာဟုတ်ပါသလား။

ဖြေ–ကျွန်မကခေတ္တခိုလှုံခွင့်ပေးခဲ့ခြင်းသာဖြစ်ပါသည်။

မေး–Mr. John William Yettaw ကိုအိမ်အတွင်းတွင်ကျွေးမွေးခြင်း၊ လက်ခံစကားပြောခြင်း၊ ပေးသည့်စာနှင့် လက်ဆောင်ပစ္စည်းများကို လက်ခံရယူခဲ့ပါသလား။

ဖြေ–Mr.John William Yettaw နှင့်စကားပြောခဲ့ပါသည်။ စာနှင့်ပစ္စည်းများသည် Mr.John William Yettaw ကျွန်ရစ်ခဲ့တာလား။ ထားခဲ့တာလား ဆိုသည်ကို ကျွန်မမသိပါ။ အဲဒီကိစ္စကိုတော့ Mr. John William Yettaw သာ သိမည်ဖြစ်ပါသည်။

မေး–Mr.John William Yettaw သည် မည်သည့်နေ့၊ မည်သည့်အချိန် တွင်ပြန်လည်ထွက်ခွာသွားပါသလဲ။

ဖြေ–Mr.John William Yettaw သည် မေ(၆)ရက်ည(၁၁)နာရီ(၄၅)မိနစ်နှင့်(၁၂)နာရီအကြား ပြန်လည်ထွက်ခွာသွားပါသည်။

မေး–Mr.John William Yettaw သည် မည်သည့်လမ်းမှပြန်လည်ထွက်ခွာသွားပါသလဲ။

ဖြေ–Mr.John William Yettaw သည်ရေကန်ဘက်သို့သွားသည်ကိုသာ သာသိပါသည်။ မှောင်နေ၍မည်သည့်လမ်းကသွားသည်ကိုတော့ ကျွန်မမသိပါ။

မေး–ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ Mr.John William Yettaw ကျန်ရစ်ခဲ့သောပစ္စည်းများကို ဒုတိယရဲမှူးတင်ဇော်ထွန်းတို့က လာရောက်သိမ်းဆည်းပါသေးသလား။

ဖြေ–Mr.John William Yettaw ကျန်ရစ်ခဲ့သောပစ္စည်းများကို ဒုတိယရဲမှူးတင်ဇော်ထွန်းတို့က လာရောက်သိမ်းဆည်းသွားခြင်းမှန်ကန်ပါသည်။

မေး–Mr.John William Yettaw ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ ရောက်ရှိချိန်က အိမ်ပတ်ဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များရှိပါသလား။

ဖြေ–ခြေအတွင်းမှာတော့မရှိပါ။ ခြံအပြင်မှာရှိမရှိမသိပါ။

မေး–အမေရိကန်နိုင်ငံသား Mr.John William Yettaw သည်ဒေါ်အောင်ဆန်းစုကြည်၏ အိမ်အတွင်း၌တတ်ပုံ၊ ဝိဒီယိုများ၊ရိုက်သွားပါသေးသလား။

ဖြေ–ကျွန်မအိမ်တွင်ရှိစဉ်က တတ်ပုံ၊ ဝိဒီယိုရိုက်ခြင်း ရှိ မရှိ မသိပါ။ ရုံးတော်ရှေ့ရောက်မှသာ တတ်ပုံ၊ဝိဒီယိုရိုက်သည်ဟု သိရပါသည်။

မေး–ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ကနဦးသတိမိန့်၊တားဆီးမိန့်နှင့် ဆက်လက်တားဆီးမိန့်၊ အချက်အလက်များကို သိရှိပါသလား။

ဖြေ–ရေးသားထားသည့်အတိုင်း သိရှိပါသည်။

ထို့နောက် Mr.John William Yettaw အပေါ် စွဲဆိုသည့်ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉မှ စစ်ဆေးရန်ကျန်သော တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ အမှုစစ်ဒုတိယရဲမှူးသန်းစိုးကို ဆက်လက်စစ်ဆေးသည်။ဒုတိယရဲမှူး သန်းစိုးက ဒီမိသည်ဗဟန်းရဲစခန်း(၀)၃၀၂/ ဝင့်လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ၁၃(၁) အမှုကို စုံစမ်းစစ်ဆေးရန် မေ(၁၁)ရက်တွင် လက်ခံရရှိကြောင်း ထိုနေ့တွင် တရားလိုပြသက်သေများကို စစ်ဆေးခဲ့ကြောင်း။ မေ(၁၂)ရက်တွင် တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးပြီး ဒုတိယရဲမှူးမောင်မောင်ဖြင့်နှင့် ဒုတိယရဲမှူးတင်ဇော်ထွန်းတို့ လွှဲပြောင်းပေးသော ရှာဖွေပုံစံများကိုလက်ခံခဲ့ကြောင်း။ ထိုနေ့တွင်ပင် ၎င်းအမှုနှင့်ဆက်စပ်၍ Mr.John William Yettaw ၏ လက်ရေးနမူနာရယူပြီး ဒေါ်အောင်ဆန်းစုကြည်အိမ်မှ သိမ်းဆည်းရရှိခဲ့သော Mr.John William Yettaw ၏လက်ရေးများနှင့် တိုက်ဆိုင်စစ်ဆေးရန်မူဘင်းတပ်ဖွဲ့သို့ ပေးပို့အကြောင်းကြားခဲ့ကြောင်း။ ထိုနေ့တွင်ပင် Mr.John William Yettaw အားစစ်ဆေးခဲ့ကြောင်း။ မေ(၁၃)ရက်တွင် သက်သေများကို ဆက်လက်စစ်ဆေးကြောင်း။ ဒုတိယရဲမှူးစကျော်ဝင်း၊ လွှဲပြောင်းပေးသော ရှာဖွေပုံစံနှစ်စောင်ကို အမှုတွင်ထည့်သွင်းတင်ပြခဲ့ကြောင်း။ မေ(၁၄)ရက်တွင် Mr.JohnWilliam Yettaw အားအမှုပြင်ဖမ်းဆီးကာ ပဟန်းရဲစခန်းစွဲချက်အမှတ် ၂၆၄/၀၉လူဝင်မှုကြီးကြပ်ရေး(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ၁၃(၁) အရ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့တရားစွဲဆိုတင်ပို့ခဲ့ကြောင်းထွက်ဆိုသည်။

အမှုများကို ဆက်လက်ကြားနာစစ်ဆေးရန်မေ(၂၇)ရက်နံနက်(၁၀)နာရီသို့ ချိန်းဆိုလိုက်ကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းမှ နိုင်ငံတော်အားနှောင့်ယှက်ချက် ဆီးလိုသူများ၏ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က)နှင့် ပုဒ်မ ၁၀(ခ)တို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ် ဓာတ်ပုံ - မြန်မာ့ရုပ်မြင်သံကြားမှ ကူးယူဖော်ပြသည်။

(က) (၂၈–၁၁–၂၀၀၄)ရက်နေ့မှ (၂၇–၁၁–၂၀၀၅)ရက်နေ့အထိ ပထမအကြိမ်(၁)နှစ်။

(ခ) (၂၈–၁၁–၂၀၀၅)ရက်နေ့မှ (၂၇–၅–၂၀၀၆)ရက်နေ့အထိ ဒုတိယအကြိမ်(၆)လ။

(ဂ) (၂၈–၅–၂၀၀၆)ရက်နေ့မှ (၂၇–၅–၂၀၀၇)ရက်နေ့အထိ တတိယအကြိမ်(၁)နှစ်။

(ဃ) (၂၈–၅–၂၀၀၇)ရက်နေ့မှ (၂၇–၅–၂၀၀၈)ရက်နေ့အထိ စတုတ္ထအကြိမ်(၁)နှစ်။

(c) (၂၈–၅–၂၀၀၈)ရက်နေ့မှ (၂၇–၅–၂၀၀၉)ရက်နေ့အထိ ပဉ္စမအကြိမ်(၁)နှစ်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၄ တို့အရ ဆက်လက်တားဆီးရန် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စုစုပေါင်း(၄)နှစ်(၆)လ တားဆီးခဲ့ပြီးဖြစ်ပါကြောင်း။ ပုဒ်မ ၁၄ အရ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူပြီး တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ (၅)နှစ်အထိ ဆက်လက်တားဆီးမှုပြုလုပ်နိုင်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်ကို တည်ဆဲဥပဒေအရ နောက်ထပ်(၆)လ ဆက်လက်တားဆီးထားနိုင်ခွင့်ရှိပါကြောင်း။

မလွဲမရှောင်သာ ဝမ်းနည်းစွာနှင့် အမှုဖွင့် တရားစွဲဆိုခဲ့ရ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကို ဗဟိုအဖွဲ့ အနေဖြင့် အခွင့်အာဏာအရ တားဆီးကာလတစ်နှစ်အပြင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တစ်ကြိမ်လျှင်တစ်နှစ်ထက်မပိုစေဘဲ (၅)နှစ်အထိ ဆက်လက်တားဆီးမိန့် ထုတ်ပြန်နိုင်ပါကြောင်း။ လက်ရှိအခြေအနေမှာ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ၂၈–၅–၂၀၀၈ ရက်နေ့မှ စတင်ခဲ့သည့် (၁)နှစ် ဆက်လက်တားဆီးမိန့်သည် ၂၇–၅–၂၀၀၉ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါကြောင်း။ ထို့ကြောင့် ဥပဒေအရ ဗဟိုအဖွဲ့သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ၅ နှစ်ပြည့်အောင် နောက်ထပ် ၆ လ ဆက်လက်တားဆီးနိုင်သေးသော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခေါင်းဆောင် ဝိုလ်ချုပ်အောင်ဆန်း၏ သမီးလည်းဖြစ်နေသည်ကိုထောက်ထားပြီး အလေးအနက်စဉ်းစားနေရှိနိုင်တွင် မမျှော်လင့်ဘဲဒေါ်အောင်ဆန်းစုကြည်သည်သူမ၏နေအိမ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် အမေရိကန်နိုင်ငံသား Mr.John William Yettaw ကို (၂)ရက် တိုင်နေထိုင်ခွင့်ပြုခြင်း၊ လက်ခံစကားပြောခြင်း၊ အစားအသောက်များကျွေးမွေးခြင်း စသည်ကူညီဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်းသည် တည်ဆဲဥပဒေနှင့် ပြီးစွန်းနေခြင်းကြောင့် မလွဲမရှောင်သာ ဝမ်းနည်းစွာဖြင့် အမှုဖွင့်တရားစွဲဆိုရခြင်း ဖြစ်ပါကြောင်း။

မည်သို့ပင်ဖြစ်စေ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဥပဒေနှင့်အညီ ခုခံပိုင်ခွင့်ရှိပြီး ရှေ့နေရှေ့ရပ်များကိုလည်း ငှားရမ်းဆောင်ရွက်ခွင့်ပေးထားပါကြောင်း။ ထို့အပြင် လူမှုရေးအရ ထောက်ထားညှာတာသောအားဖြင့် နိုင်ငံတော်အနေဖြင့် သူမ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ နေရေး ထိုင်ရေး၊ စားရေးသောက်ရေးများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ထားလျက် ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

နံနက် ၈ နာရီ မိနစ် ၄၀ တွင် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က) နှင့် ပုဒ်မ ၁၀(ခ) တို့နှင့်ပတ်သက်၍ ရှင်းလင်းမဲ့ ကျင်းပပြီးစီးသည်။ ■

အင်းစိန်မြောက်ပိုင်းခရိုင်တရားရုံးသို့ လာရောက်လေ့လာခွင့်ရရှိသည့်သံတမန်များ၊ စကားပြန်များကို ဒေါ်ယူခွင့်ရရှိကြ

ဓာတ်ပုံ - မြန်မာ့ရုပ်မြင်သံကြားမှ ကူးယူဖော်ပြသည်။

ရန်ကုန်၊ မေ ၂၆

ရန်ကုန်၊ အင်းစိန်၊ မြောက်ပိုင်းခရိုင်တရားရုံးသို့ (၂၀၀၉)၊ မေ(၂၆)ရက်နေ့တွင် လာရောက်လေ့လာခွင့်ရရှိကြ သော သံတမန်များသည် စကားပြန်တစ်ဦး၏ ဒေါ်ယူခွင့် ရရှိခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။

မျက်နှာဖုံးမှအဆက်

အဆိုပါ F.M လိုင်းများတွင် မြန်မာနိုင်ငံမှ နာမည်ကြီးကုမ္ပဏီကြီးများ လည်းပါဝင်ဆောင်ရွက်ကြပေသည်ဖြစ်ကြောင်းသိရပြီး **'ချယ်ရီ F.M'** အမည်ဖြင့် ရေဒီယိုလိုင်းကို မကြာမီတင်ထုတ်လွှင့်နိုင်ရန်စီစဉ် ထားကြောင်းသိရသည်။

''အင်တာနက်စာမျက်နှာတွေနဲ့ ဂျာနယ်အချို့မှာ 'ရွှေသင်္ဘော F.M' ဆိုပြီး မှားရေးထားကြတာကိုတွေ့ရတဲ့အပြင် ကယားနဲ့ချင်းဘာသာ အစီအစဉ်တွေနဲ့ ထုတ်လွှင့်မယ် ဆိုတာတွေလည်းမှားနေပါတယ်။ ပုဂ္ဂလိက F.M လိုင်းက (၈)ခုလုပ်ကိုင်ခွင့်ပြုလိုက်တော့ အခြားကုမ္ပဏီကလိုင်း နာမည်တွေနဲ့ မှားပြီး ရေးထားကြတာနေမှာပါ။ 'ချယ်ရီ F.M' နာမည်နဲ့ ရှမ်းပြည်နယ်တောင်ကြီးမြို့ နဲ့ပတ်လည်မှာ တိုင်တစ်ဝိုင်းပဲဆောင်းပါမယ်။ ပင်လောင်း။ ဗဒူး။ ရပ်စောက်၊ ညောင်ရွှေမြို့တွေ အထိ ဝမ်းယူနာဆင်နိုင်ကြမှာပါ။ ချယ်ရီ F.M ရေဒီယိုကို 88.9MHZ လိုင်းကနေဖမ်းယူနိုင်ကြမှာပါ။ ရှမ်းပြည်နယ်တောင်ပိုင်းမှာပဲ သီးသန့်ပြည်နယ် ကိုယ်စားပြုထုတ်လွှင့်မှာဖြစ်ပါတယ်။'' ဆိုတဲ့အကြောင်းကို **'ချယ်ရီ F.M'**မှ တာဝန်ရှိသူတစ်ဦးက လျှပ်တစ်ပြက်သို့ပြောကြားခဲ့သည်။

ယခုအခါရခိုင်ပြည်နယ်တွင်လည်း **'ပဉ္စဝတီ'** F.M ရေဒီယိုအစီအစဉ်များကို 300 W ထုတ်လွှင့်စက်ဖြင့်မတ်လ(၂၇)ရက်နေ့မှစတင်စမ်းသပ်ထုတ်လွှင့်ပေးနေပြီး နံနက်(၇)နာရီမှည(၇)နာရီအထိ(၁၂)နာရီစာကို တဆက်တည်း အစီအစဉ်များနှင့် ထုတ်လွှင့်ပေးနေပြီဖြစ်ကြောင်းသိရသည်။

ပဉ္စဝတီF.M ရေဒီယိုအစီအစဉ်များကို စစ်တွေမြို့နဲ့အနီးတဝိုက် ပေါက်တော၊ ပုဏ္ဏားကျွန်း။ သင်ပန်းတစ်။ရခေသ့တောင်၊ မကျီးချောင်း။ ပါဒလိပ်၊ ကုလားရွာသောဒေသများမှ အသံကြည့်လင်ပြတ်သားစွာဖမ်းယူနာဆင်နိုင်ကြပြီဖြစ်ကြောင်းသိရှိရသည်။

S.K.B